**စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

# အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာချက်

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအရ အခွန်ထမ်းပြည်သူများကို ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရန်၊ ဝန်ဆောင်မှုများပေးရာတွင် လုပ်ငန်းစဉ်များ ပုံစံတူညီစေရန်နှင့် ရှင်းလင်းဖြေကြားသည့် အခွန်ဆိုင်ရာဖြေကြားချက်များ တသမတ်တည်းဖြစ်စေရန်ရည်ရွယ်၍ **အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး**ကို အောက်ပါနေရာတွင် (၂၂-၇-၂၀၂၀) နေ့မှစတင်ဖွင့်လှစ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်-

**အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး**

အမှတ်-၅၉/၆၁(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။

ဖုန်းနံပါတ်- ၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂

၂။ အဆိုပါရုံးအနေဖြင့် အခွန်ထမ်းကိုယ်တိုင် လာရောက်မေးမြန်းသော (သို့မဟုတ်) တယ်လီဖုန်းဖြင့်ဆက်သွယ်မေးမြန်းသော မေးခွန်းများအား ဖြေကြားပေးခြင်း၊ အခွန်ထမ်းမှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များအား ဆောင်ရွက်ပေးခြင်းနှင့် အခွန်ကြေညာလွှာပုံစံကဲ့သို့ အခွန်ဆိုင်ရာပုံစံများဖြည့်စွက်ရာတွင် ရှင်းလင်းလွယ်ကူစွာဖြည့်သွင်းနိုင်ရေး ကူညီဆောင်ရွက်ခြင်း စသည့်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ **အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် သက်ဆိုင်သည့် အခွန်ထမ်းများအနေဖြင့်** အခွန်ဆိုင်ရာကိစ္စရပ်များအား မေးမြန်းစုံစမ်းလိုပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၏ အခွန်ထမ်းရေးရာဌာနစုသို့သာ ဆက်သွယ်မေးမြန်းရန်ဖြစ်ပါသည်။

၄။ ဤကြေညာချက်နှင့်စပ်လျဉ်း၍ မေးမြန်းစုံစမ်းလိုပါက အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) အမှတ်-၅၉/၆၁(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ်- ၀၂-၄၀၃၀၁၉၂ သို့မေးမြန်းစုံစမ်းနိုင်ပါသည်။

ပုံ (မင်းထွဋ်)

ညွှန်ကြားရေးမှူးချုပ်

ပြည်တွင်းအခွန်များဦးစီးဌာန